## အားလုံးသို့
## (အမှတ် ၁/၂၀၀၈)

အားလုံးသို့

(၁) 'ဆန္ဒခံယူပွဲ' ကို နေဝင်း ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတုန်းက လုပ်ခဲ့သလိုပဲ သန်းရွှေတို့ လုပ်မယ်လို့ ထင်ပါတယ်။ အဲဒီလို လုပ်ဖို့လည်း ကျွန်တော်တို့ လိုလားပါတယ်။ ဗမာပြည်ပြည်သူလူထုက (√) အမှန်ခြစ် နဲ့ (✕) ကြက်ခြေခတ် ရှင်းရှင်းကလေးကိုပဲ ကြိုက်ပါတယ်။ ဖြူတယ်/မဲတယ် ဒီ ၂ ခုပဲ ရွေးချင်ပါတယ်။

(၂) နေဝင်းတုန်းကလို သန်းရွှေတို့ အခြေအနေက မဟန်ပါဘူး။
<u>**နေဝင်းအခြေအနေနဲ့ သန်းရွှေအခြေအနေ နှိုင်းယှဉ်ကြည့်စေလိုတယ်။**</u>

- နေဝင်းက 'ပထစ လွှမ်းမိုးတဲ့ လွှတ်တော်' ကို ဖျက်သိမ်းထားတာ ၁၉၆၂ ခုနှစ်ကတည်းကပဲ။ လွှတ်တော်မှာတင်ပြီး အတည်ပြုစရာမရှိလို့ 'ဆန္ဒခံယူပွဲ' ဆိုတဲ့နည်း လုပ်ရတာပဲ။ သန်းရွှေကတော့ "NLD လွှမ်းတဲ့လွှတ်တော်" ကို ဖျက်သိမ်းတယ် မပြောဝံ့ဘူး။ ခေါ်ပေးဖို့လည်း မလုပ်ရဲဘူး။ ဒါကြောင့် 'ဆန္ဒခံယူပွဲ' လုပ်တာ ဖြစ်တယ်။ 'ဆန္ဒခံယူပွဲ' လုပ်တာချင်း တူပေမယ့် ဘာ့ကြောင့်လုပ်သလဲ ဆိုတာမှာ မတူဘူး။
- နောက် ဒုတိယ မတူတာက နေဝင်းက ၁၉၆၂ ခုနှစ်မှာ ကျောင်းသား (ရန်ကုန်တက္ကသိုလ်ကျောင်းသား) နဲ့ ရင်ဆိုင် ပြီးကတည်းက သူ့ကို စိန်ခေါ်တာ မခံရဘူး။ (အလုပ်သမားအရေးအခင်း၊ ဦးသန့်အရေးအခင်း ဆိုတာတွေက 'ဆန္ဒခံယူပွဲ' ပြီးမှ ပေါ်တာပဲ။) သန်းရွှေတို့ကတော့ အရေးအခင်းတွေ တခုပြီးတခု ရင်ဆိုင်နေရတာပဲ။
- တတိယအချက်က မြို့ပေါ်နိုင်ငံရေးအတိုက်အခံကို မရှိအောင် လုပ်ထားနိုင်တယ်။ သန်းရွှေတို့ကတော့ အတိုက် အခံကို အသစ်အသစ်မွေးပေးနေသလိုပဲ။
- စတုတ္ထ။ နေဝင်းက တပ်တွင်းမှာ မီးသေတယ်။ သန်းရွှေက မီးမသေဘူး။
- ပဉ္စမ။ နေဝင်းတို့က ဆိုရှယ်လစ်အလံ ထူထားရလို့ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ခိုးကြောင်ခိုးဝှက်ပဲ လုပ်ခွင့်ရတယ်။ သန်းရွှေတို့က ကိုယ်ကျိုးရှာမှု ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖြောင်လုပ်တယ်။ ဒါကြောင့် လူမုန်းသိပ်များတယ်။

ဒီလိုအခြေအနေမှာ လူထုကို ကျွန်တော်တို့ (အားလုံး) ဝိုင်းပြီးစည်းရုံးလှုံ့ဆော်ရင် ကန့်ကွက်မဲများများ ထွက်လာမှာပဲ။ ဒါကြောင့် 'အသံတိတ်ဆန္ဒပြပွဲ' နည်းကို ရွေးတာပါ။

(၃) သပိတ်မှောက်တဲ့နည်း မလုပ်သင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ –

- အာဏာစက်နဲ့ အဖြူပုံးထဲ မဲထည့်ခိုင်းလိမ့်မယ်။ ကြံ့/ဖွံ့ ကချည်း အဖွဲ့ဝင် ၂၄ သန်းခွဲ ရှိသတဲ့။ အမျိုးသမီး အဖွဲ့တို့ ဘာတို့ စတာတွေကလည်း နည်းမှာမဟုတ်ဘူး။ အစိုးရအမှုထမ်းအရာထမ်းကလည်း တသန်းမက ရှိလိမ့်မယ်။ အဲဒါတွေက မဲရုံသွားကြရမှာပဲ၊ ကျွန်တော်တို့က သပိတ်မှောက်ထားတော့ ထည့်သမျှမဲက အဖြူပုံး အမှန်ခြစ် (√) ထဲချည်း ရောက်လိမ့်မယ်။ ကြက်ခြေခတ် (✕) ထဲ ထည့်မိရင်တော့ ပေါ်တော့မှာပဲ။
- သပိတ်မှောက်ဖို့ ကျွန်တော်တို့က ဘယ်နယ်တွေကို အားကိုးမှာလဲ။ ဟိုတုန်းကလို A/S နယ်က ကျယ်တာ မဟုတ်တော့ဘူး။
- နောက်ဆုံးမှာ ထားပေမယ့် အရေးအကြီးဆုံးက လူထုအုံကြွမှုကို (၃ လ အတွင်း) မေလ မတိုင်မီ ကျွန်တော်တို့ ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး။ လူထုအုံကြွမှုကလေးတွေ ဆိုရင်လည်း မြန်မြန်အကြမ်းဖက်ပြီး အနှိမ်ခံရမှာပဲ။ ဒါကြောင့် မဲရုံသွား ကန့်ကွက်မဲ (✕) ကြက်ခြေခတ်ပုံးထဲ ရဲရဲမဲထည့်ကြဖို့ ဆော်သြသင့်တယ်။ လမ်းပေါ်ထွက် ဆန္ဒပြရတာလောက် မစွန့်ရပါဘူး။ လူထု လုပ်ဝံ့ပါတယ်။

(၄) ဂမ်ဘာရီကို ပြေလာဖို့ ပြောထားတယ်။ နအဖ က ဂမ်ဘာရီကို ပျားရည် (ဆန္ဒခံယူပွဲ) နဲ့ ဝမ်းချလွှတ်မှာပဲလို့ တွက်ပါတယ်။ ကုလသမဂ္ဂ UN က လာရောက်ကြီးကြပ်ပေးဖို့ ကျွန်တော်တို့ တောင်းဆိုသင့်တယ် ထင်တယ်။ ဗကပ မှာ ပြောအား မရှိပါဘူး။ တိုက်ဖော်တိုက်ဖက်တွေတော့ ပြောအားရှိပါတယ်။ ပြောကြစေချင်တယ်။

ရဲဘော်စိုးချစ်
(၁၅ – ၂ – ၂၀၀၈)